

# စစ်အာဏာသိမ်းကာလအတွင်း
# တရားမဝင်မြေရှားတူးဖော်မှုလုပ်ငန်းများ၏ နောက်ဆက်တွဲ
# ဆိုးကျိုးများနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်နေမှုများ



## မာတိကာ


အကျဉ်း......2

မိတ်ဆက်......3

ရည်ရွယ်ချက်......4

မေးမြန်းပုံနည်းစနစ်......4

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်ပျက်စီးမှုများ......5

(၁) သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ......5

(၂) နိုင်ထက်စီးနင်းမြေယာလုယူမှုများ......6

(၃) လူမှုဘဝထိခိုက်ပျက်စီးမှုများ......6

အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှုများ......7

အမျိုးသားလုပ်သားနှင့် လုပ်ငန်းခွင်အခြေအနေ......7

အထွေထွေ......7

ဘေးကျင်းဖောက်နှင့် အပေါ်ကျင်းတူး......8

ခွဲခြားဆက်ဆံမှုနှင့် အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများ......9

အမျိုးသမီးလုပ်သားများနှင့် လုပ်ငန်းခွင်......10

ထမင်းချက်......11

ရေကြည့်......11

အထွေထွေ......11

အိပ်ရာခင်း......10

လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရမှုများ......12

မူးယစ်ဆေးနှင့် ကျန်းမာရေးပြဿနာများ......13

ရွှေ့ပြောင်းလုပ်သားအရေအတွက် လျှင်မြန်စွာများပြားလာခြင်း......14

တွေ့ရှိချက်များနှင့်အကြံပြုချက်များ......15

ကိုးကား......16

# အကျဉ်း

Myanmar Resource Watch ( MRW ) သည် ကချင်ပြည်နယ် ပန်ဝါမြို့နယ်တွင် တရုတ်လုပ်ငန်းရှင်များမှ တူးဖော်မှုပြုလုပ်နေသော တရားမဝင်မြေရှားသတ္တုတူးဖော်မှုများနှင့် တူးဖော်မှုများ၏ နောက်ဆက်တွဲဆိုးကျိုးများကို သိရှိနိုင်ရန် ချီဖွေမြို့နယ်နှင့် ပန်ဝါမြို့နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ၊ မြို့မိ မြို့ဖများ၊ ဒေသခံများနှင့် မြေရှားသတ္တုတူးဖော်မှုတွင် ဝင်ရောက်လုပ်ကိုင်နေသော အလုပ်သမားများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုတွေ့ဆုံမေးမြန်းမှုများမှ ဖြေကြားချက်များနှင့် တွေ့ရှိချက်များအား အခြေခံပြီး စစ်အာဏာသိမ်းကာလအတွင်း တရားမဝင်မြေရှားသတ္တုတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ၊ ဒေသခံတို့၏ ဆုံးရှုံးနစ်နာမှုများနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုများ၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရမှုများကို အလေးပေးဖော်ပြထားပါသည်။

## မိတ်ဆက်

မြေရှားသတ္တုတူးဖော်မှု၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် တရုတ်အစိုးရသည် ၂၀၁၆ ခုနှစ်မှစတင်၍ ၎င်းနိုင်ငံတွင်းရှိ မြေရှားတူးဖော်မှုများကို ပိတ်သိမ်းခဲ့ရာ ထိုတူးဖော်မှုလုပ်ငန်းများသည် ထိုအချိန်မှစပြီး မြန်မာနိုင်ငံ ကချင်ပြည်နယ် ကချင်အထူးဒေသ ၁ ပန်ဝါမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်မှ စတင်ဝင်ရောက်လာခဲ့ပြီး တဖြည်းဖြည်းများပြားလာခဲ့သည်။ ထိုတူးဖော်မှုများသည် စတင်ဝင်ရောက်လာစဉ်ကတည်းက တရားမဝင် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ပြီး ကချင်အထူးဒေသ ၁ သည် အာဏာသိမ်းစစ်တပ် လက်အောက်ခံများဖြစ်သော ဇခုန့်တိန်ယန်းခေါင်းဆောင်သည့် ဒေသတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ ( နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်) ချုပ်ကိုင်လွှမ်းမိုးထားသော ဒေသဖြစ်ကာ ထိုလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငွေကြေးအပေးအယူပြုလုပ်၍ တူးဖော်နေကြခြင်းဖြစ်ကြောင်း ဒေသခံများမှ ပြောကြားကြသည်။ ဒေသတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ လွှမ်းမိုးထားသော ထိုဒေသတွင် တရုတ်လုပ်ငန်းရှင်များသည် တရားမဝင်မြေရှားတူးဖော်မှုများကို ဦးသိန်းစိန်အစိုးရနှင့် NLD အစိုးရလက်ထက်များတွင်လည်း ဆက်လက်ပြုလုပ်နေခဲ့ကြပြီး ၂၀၂၁ ခု ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ မြေရှားသတ္တုတူးဖော်မှုအတွက် သတ္တုပျော်ရည်စုဆောင်းသည့် ကန်ပေါင်း ၂၇၀၀ ကျော်ကို စင်္ကာပူနိုင်ငံ၏ အရွယ်အစားခန့်ရှိသည့် နယ်မြေတစ်ခုတွင် ပျံ့နှံ့တွေ့ရှိခဲ့သည်။[၁]



## ရည်ရွယ်ချက်

တရားမဝင်မြေရှားသတ္တုတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံတို့၏ လူမှုဘဝထိခိုက်ပျက်စီးမှုများ၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရမှုများကို နိုင်ငံအနှံ့ရှိ ပြည်သူများ၊ NGO နှင့် INGO အဖွဲ့အစည်းများ၊ ပုဂ္ဂလိကသတင်းမီဒီယာများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ( NGO ) အားလုံး သိမြင်လာပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများ အမြန်ဆုံးရှာဖွေနိုင်ရန် ရည်ရွယ်ပါသည်။

## မေးမြန်းပုံနည်းစနစ်

Myanmar Resource Watch (MRW) သည် မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံးနှင့် တွေ့ဆုံမေးမြန်းခွင့်ရရန် ကြိုးစားခဲ့သော်လည်း စစ်အာဏာသိမ်းကာလအတွင်းဖြစ်ပြီး ပန်ဝါမြို့နယ်နှင့် ချီဖွေမြို့နယ်သည် နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်များအုပ်ချုပ်နေသော ဒေသဖြစ်သောကြောင့် လုံခြုံရေးအခြေအနေအရ ထိုဒေသရှိ သက်ဆိုင်ရာအာဏာပိုင်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်း မပြုလုပ်နိုင်ခဲ့ပါ။ ထို့အပြင် တူးဖော်မှုများ ပြုလုပ်နေသော လုပ်ငန်းခွင်အတွင်းသို့လည်း သွားရောက်ကြည့်ရှုခြင်း မပြုလုပ်နိုင်ခဲ့ဘဲ အဝေးမှသာ ဓာတ်ပုံမှတ်တမ်းများကို ရယူနိုင်ခဲ့ပါသည်။ အစီရင်ခံစာအတွက် ပန်ဝါမြို့နယ်နှင့် ချီဖွေမြို့နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများ၊ မြေရှားသတ္တုတူးဖော်မှုတွင် ဝင်ရောက်လုပ်ကိုင်နေသော အလုပ်သမားများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းရာတွင် ကျား/မ အရေ အတွက် ခွဲခြားခြင်းမရှိပဲ အရေအတွက်ရနိုင်သမျှ တွေ့ဆုံကာ individual interview ပြုလုပ်ခဲ့ပြီး လုံခြုံရေးအခြေအနေအရ လူပေါင်း ၃၀ ခန့်သာ မေးမြန်းခွင့်ရခဲ့ပါသည်။ ဒေသခံလုပ်သားနှင့် ရွှေ့ပြောင်းလုပ်သား ( ကျား/မ ) နှစ်မျိုးစလုံးအား မေးမြန်းခွင့်ရခဲ့ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ဒေသခံတို့၏ ဆုံးရှုံးနစ်နာမှုများနှင့် အလုပ်သမားအခွင့်အရေးများကို အဓိကထားမေးမြန်းခဲ့ပါသည်။



# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်ပျက်စီးမှုများ

(၁) သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ

မြေရှားတူးဖော်မည့် တောင်ကုန်းများရှိ သစ်တောများကို တောင်ကတုံးများဖြစ်သည်အထိ ခုတ်ထွင်ရှင်းလင်းပစ်သည်။ ထို့နောက် ထိုနေရာတွင် တောင်များကို ဘေးကျင်းနှင့် အထက်အောက်မြေကျင်းများတူးပြီး မြေကျင်းများထဲတွင် အမိုနီယမ်ဆာလဖိတ်ပျော်ရည်များ လောင်းထည့်သည်။ ပြီးလျှင် ထိုပျော်ရည်များကို တောင်ခြေရှိ ကန်များအတွင်းသို့ စစ်ထုတ်ပြီး မြေရှားသတ္တုများကို ထုတ်ယူသည်။ မြေရှားသတ္တုထုတ်ယူပြီးလျှင် အမိုနီယမ်ဆာလဖိတ်ပျော်ရည်များ ပါဝင်နေသော စွန့်ပစ်ရေများကို ချောင်းများအတွင်းသို့ အလွယ်တကူပင် စွန့်ပစ်ကြသည်။ တူးဖော်မှုများပြီးဆုံးသွားလျှင် ထိုတောင်နှင့် မြေကျင်းများ၊ ကန်များကို ပြန်လည်သိမ်းဆည်းမှုမရှိဘဲ လက်လွတ်စပယ်စွန့်ပစ်သွားကြသည်။ ဟောင်းလောင်းဖြစ်နေသော တောင်ကတုံးနှင့်မြေကျင်းများ၊ ဓာတုပစ္စည်းအမှိုက်ပုံများနှင့် ဓာတုစွန့်ပစ်ရေများစီးဝင်နေသော ချောင်းများဖြင့် သဘာဝပတ်ဝန်းကျင်သည် ဆိုးဝါးစွာပျက်စီးသွားသည်။

"တရုတ်တွေက ဒီကရေလည်းမသောက်ဘူး အစားလည်းမစားဘူး။ သူတို့တရုတ်ပြည်က သယ်လာတဲ့ ရေတွေ အစားအသောက်တွေပဲ စားတာ။ လုပ်ကွက်တွေနားက ချောင်းထဲကရေတွေ မတော်တဆသောက်ကြည့်မိရင် ရေကချဉ်နေပြီ။ အခုဆိုရင် ပန်ဝါကလူတွေလည်း ချောင်းထဲကရေတွေ မသောက်ရဲတော့လို့ သောက်ရေသန့်ပဲ ဝယ်သောက်ကုန်ကြပြီ"

### (၂) နိုင်ထက်စီးနင်းမြေယာလုယူမှုများ

တရုတ်လုပ်ငန်းရှင်များသည် မြေရှားသတ္တုတူးဖော်လိုသည့် မြေနေရာနှင့် တောင်များကို ဦးစွာရှာဖွေစမ်းသပ်ပြီး ကျေးရွာလူကြီးများမှတဆင့် ဝယ်ယူသည်။ မြေပိုင်ရှင်များသည် ၎င်းတို့မြေများကို ရောင်းချရန် ဆန္ဒမရှိသော်လည်း ဒေသတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဖိအားပေးခြိမ်းခြောက်မှုများရှိနေပြီး တူးဖော်ရန်သဘောမတူလျှင်လည်း အတင်းအဓမ္မ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်မည်ဟု ဖိအားပေး ခြိမ်းခြောက်ပြောဆိုမှုများကို ကြောက်ရသောကြောင့် မြေရှားထုတ်လုပ်ရန် မိဘဘိုးဘွားများ အစဉ်အဆက်ပိုင်ဆိုင်ခဲ့သော တောင်များကို ရောင်းကြရသည်။ ကျေးရွာသားများပိုင်သည့် မြေနေရာများကို ကျေးရွာလူကြီးများကတဆင့် ဝယ်ယူပြီး တရုတ်လုပ်ငန်းရှင်များထံ ၁ ကေလျှင် တရုတ်ငွေကြေး ယွမ် ၂၀၀၀၀ ခန့် ( မြန်မာငွေ _ ) ဖြင့် ပြန်လည်ရောင်းချသည်ဟု သိရသည်။

### (၃) လူမှုဘဝထိခိုက်ပျက်စီးမှုများ

အဓမ္မမြေယာသိမ်းယူမှုများကြောင့် စိုက်ပျိုးရေး (မြေယာ) ဖြင့် အဓိကအသက်မွေးဝမ်းကျောင်း ပြုလုပ်သော ဒေသခံများ အသက်မွေးဝမ်းကျောင်း ပြဿနာများပေါ်လာပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာကြသည်။ မြေရှားတူးဖော်သည့်လုပ်ငန်းနှင့် လုပ်သားများကို အမှီပြု၍ မူးယစ်ဆေးဝါးရောင်းဝယ်သူ၊ သုံးစွဲသူများပြားလာသောကြောင့် လုံခြုံရေးနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့လာကြသည်။ တရုတ်နိုင်ငံသားများနှင့် ရွှေ့ပြောင်းလုပ်သားများစွာ ဝင်ရောက်လာသည့်အတွက် ဒေသတွင်း လူမှုရေးပြဿနာများ ဖြစ်ပေါ်လာပြီး ဒေသခံအမျိုးသမီးများသည် မိမိတို့၏ဘဝ လုံခြုံမှုကင်းမဲ့လာသည်ဟု ခံစားရကြောင်း ပြောဆိုလာကြသည်။

## အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှုများ

မြေရှားသတ္တုတူးဖော်သည့်လုပ်ငန်းများတွင် ယခင်က မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဒေသခံများသာ ဝင်ရောက်လုပ်ကိုင်မှု ရှိသော်လည်း ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်တွင် မြန်မာနိုင်ငံဒေသအနှံ့ရှိ ရွှေ့ပြောင်းလုပ်သားများစွာ ဝင်ရောက်လုပ်ကိုင်လာကြသည်။ မြေရှားသတ္တုတူးဖော်မှု လုပ်သားများသည် အများအားဖြင့် အသက် ၂၀ မှ ၄၀ ကြား လူငယ်နှင့် လူလတ်ပိုင်း အသက်အရွယ်များဖြစ်ပြီး စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဘွဲ့ရပညာတတ်လူငယ်များနှင့် CDM ဝန်ထမ်းများလည်း လာရောက်လုပ်ကိုင်လာကြကြောင်း တွေ့ရသည်။ မြေရှားသတ္တုတူးဖော်သည့် လုပ်သားများခေါ်ယူရာတွင် ကန့်သတ်ချက်များမရှိသော်လည်း အလုပ်သမားကတ်ရှိသူများကိုသာ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုသည်။ အလုပ်သမားကတ်တစ်ကတ်လျှင် တရုတ်ငွေ ယွမ် ၁၅၀ ပေးပြီးလုပ်ရကာ ၃ လတစ်ကြိမ် သက်တမ်းတိုးရသည်။ သက်တမ်းတိုးလျှင် ယွမ် ၅၀ ထပ်ပေးရသည်။ အလုပ်သမားကတ်ကို ပန်ဝါမြို့နယ် သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပေးသည်။ အလုပ်ခေါ်ယူရာတွင် တရုတ်စကားတတ်ကျွမ်းသူများနှင့် ငယ်ရွယ်သူများကို ဦးစားပေးခေါ်ယူသည်။

## အမျိုးသားလုပ်သားနှင့် လုပ်ငန်းခွင်အခြေအနေ

မြန်မာပြည်မှ အမျိုးသားလုပ်သားများသည် အထွေထွေ၊ ဘေးကျင်းဖောက်နှင့် အပေါ်ကျင်းတူး စသည့်အလုပ်ကြမ်းများတွင် ဝင်ရောက်လုပ်ကိုင်ရပြီး လစာနှုန်းထားသည် လုပ်ကိုင်ရသည့် အလုပ်အပေါ်မူတည်ပြီး ကွဲပြားသည်။ အချို့ကလည်း ကျင်းဖောက်ခြင်းကို ကန်ထရိုက်ဆွဲကြပြီး ထိုမှတဆင့် အမျိုးသားလုပ်သားများကို ပြန်လည်ငှားယူလုပ်ကိုင်ကြသည်ကိုလဲတွေ့ရသည်။

### အထွေထွေ

အထွေထွေအလုပ် လစာသည် ၃၃၀၀ နှင့် ၄၅၀၀ ကြားရရှိပြီး အထွေထွေများသည် ခိုင်းသည့်အလုပ် အားလုံးလုပ်ရသည်။ မြေကျင်းများထဲသို့ မြေသြဇာ ( အမိုနီယမ်ဆာလဖိတ် ) ထည့်ခြင်း၊ ကျင်းတူးမည့်တောင်အား ခုတ်ထွင်ရှင်းလင်းရခြင်းစသည့် အထွေထွေကိစ္စများအားလုံး လုပ်ကိုင်ရသည်။

## ဘေးကျင်းဖောက်နှင့် အပေါ်ကျင်းတူး

ဘေးကျင်းဖောက်နှင့် ကျင်းတူးသည် မြေရှားတူးဖော်မည့်တောင်တွင် မြေကျင်းများတူးဖောက်ရခြင်းဖြစ်သည်။ ဘေးကျင်းဖောက်သည် တောင်နံရံဘေးတွင် မြေကျင်းများဘေးတိုက်ဖောက်ရခြင်းဖြစ်ပြီး ကျင်းတူးသည် တောင်ပေါ်တွင် အပေါ်ကျင်းများတူးရသည်။ ဘေးကျင်းဖောက်နှင့် အပေါ်ကျင်းတူးကို ၎င်းတို့တူးဖောက်သည့် မြေကျင်း၏အနက် ( မီတာ ) အပေါ်မူတည်၍ လုပ်အားခရှင်းပေးသည်။ ဘေးကျင်းဖောက်လျှင် ပျမ်းမျှအားဖြင့် ၁ မီတာလျှင် တရုတ်ငွေ ယွမ် ၂ ကျပ်ရရှိပြီး အပေါ်ကျင်းတူးသူက ယွမ် ၅ ကျပ် ပြား ၅၀ ရသည်။ မြေကျင်းတစ်ကျင်းသည် ပတ်လည်ထွာဆိုင်ခန့်ရှိပြီး အနက်သည် တူးဖော်သည့်တောင်အပေါ်မူတည်၍ တစ်ကျင်းလျှင် မီတာ ၃၀/၅၀/၈၀ စသဖြင့် အမျိုးမျိုးရှိသည်။

## ခွဲခြားဆက်ဆံမှုနှင့် အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများ

မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းများတွင် တရုတ်နိုင်ငံသားလုပ်သားများ ရှိသော်လည်း တရုတ်လုပ်သားများသည် အုပ်ချုပ်ရေးနှင့် ပိုက်ဆက် ၊ စက်ပိုင်းဆိုင်ရာ၊ မီးဆင်ဆရာ စသည့် ပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းခွင်မျိုးတွင် လုပ်ကိုင်ကြပြီး မြန်မာနိုင်ငံမှ လုပ်သားများသည် အလုပ်ကြမ်းသာ လုပ်ကိုင်ရသည်။ မြန်မာလုပ်သားတစ်ဦးသည် တစ်လလျှင် ယွမ် ၄၅၀၀ ခန့်သာအများဆုံး ရရှိနိုင်သော်လည်း တရုတ်လုပ်သားတစ်ဦးသည် ယွမ် ၁၅၀၀၀ ခန့်ရရှိသည်။ မြန်မာလုပ်သားများကို စားရိတ်ငြိမ်းနေ့စားလပေးသာ ခန့်ထားပြီး အလုပ်ရှင်နှင့် အလုပ်သမားအကြား မည်သည့်အလုပ်စာချုပ်မှ ချုပ်ဆိုထားခြင်းမရှိပေ။ မြန်မာအလုပ်သမားချင်း ခိုက်ရန်ဖြစ်ပွားပါက စုံစမ်းမေးမြန်းခြင်းမရှိဘဲ နှစ်ဘက်စလုံးအား အလုပ်မှချက်ချင်းထုတ်ပစ်ပြီး မြန်မာလုပ်သားနှင့် တရုတ်လုပ်သားအကြား ခိုက်ရန်ဖြစ်လျှင် မြန်မာလုပ်သားများကိုသာ အလုပ်မှထုတ်ပယ်ပစ်သည်။ လုပ်ငန်းခွင်အတွင်းအသုံးပြုနေသော ဓာတုပစ္စည်းများ၏ ဆိုးကျိုးများနှင့်ပတ်သက်ပြီး အလုပ်သမားများကို အသိပညာပေးမှုမရှိခြင်း၊ ဓာတုပစ္စည်းများကိုင်တွယ်ရန် လုပ်ငန်းခွင်သုံးဝတ်စုံများ ထုတ်ပေးမှုမရှိခြင်း၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရမှုများကို ကုသပေးခြင်းနှင့် မတော်တဆထိခိုက် သေဆုံးမှုများအတွက် နစ်နာကြေးပေးခြင်း မရှိသလောက်ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ကို ဓာတုပစ္စည်းလို့မပြောဘူး။ မြေသြဇာလို့ပဲ ပြောတာ။ ဒီမှာ အကုန်လုံးကလည်း မြေသြဇာလို့ပဲခေါ်တာ။ အိတ်အဝါကြီးတွေနဲ့ တရုတ်ဘက်ကနေ ကားကြီးတွေနဲ့ သယ်လာတာ။ အနံ့ကတော့ အရမ်းပြင်းတယ်။ အဲဒီအနံ့ကြာကြာရှူမိရင် အသက်ရှူကျပ်တာ၊ ခေါင်းမူးတာ၊ အန်တာတွေ ဖြစ်တယ်"

"ကောင်မလေးငယ်ငယ်လေးတွေဆို အလုပ်ထဲရောက်တာနဲ့ တရုတ်တွေက တစ်ခါတည်းမေးတာ အလုပ်ကြမ်းလုပ်မလား ငါနဲ့အိပ်မလား ဆိုပြီး "
(အမျိုးသမီးလုပ်သားတစ်ဦး)

## အမျိုးသမီးလုပ်သားများနှင့် လုပ်ငန်းခွင်

မြေရှားသတ္တုတူးဖော်သည့်လုပ်ငန်းတွင် အမျိုးသမီးလုပ်သားများသည် ထမင်းချက်၊ ရေကြည့်၊ အထွေထွေနှင့် အိပ်ရာခင်း စသည့်နေရာများတွင် ဝင်ရောက်လုပ်ကိုင်ကြပြီး လစာနှုန်းထားသည် လုပ်ကိုင်ရသည့် အလုပ်အပေါ်မူတည်ပြီး ကွဲပြားသည်။

### အိပ်ရာခင်း

အိပ်ရာခင်းအမျိုးသမီးလုပ်သားများသည် တရုတ်လုပ်ငန်းရှင်များနှင့် အတူနေထိုင်ကာ ၎င်းတို့၏ လိုအင်ဆန္ဒများအားလုံး ဖြည့်ဆည်းပေးရသည်။ အိပ်ရာခင်းအမျိုးသမီးများသည် အမျိုးသမီးလုပ်သားများတွင် လစာအမြင့်ဆုံးဖြစ်ပြီး တစ်လလျှင် တရုတ်ငွေ ယွမ် ၅၀၀၀ မှ ၁၀၀၀၀ ကြားရရှိသည်။၂

## ထမင်းချက်

ထမင်းချက် လစာသည် လုပ်ငန်းခွင်ရှိ အလုပ်သမားဦးရေ အနည်းအများအပေါ်မူတည်ပြီး တစ်ဆိုက်နှင့်တစ်ဆိုက် မတူပေ။ အလုပ်သမားဦးရေများလျှင် တရုတ်ငွေ ယွမ် ၄၀၀၀ ခန့်နှင့် အလုပ်သမားဦးရေနည်းလျှင် ယွမ် ၂၀၀၀ ကျော်ခန့် ရရှိကြသည်။

## ရေကြည့်

ရေကြည့်သည့်လစာနှုန်းထားသည် လုပ်ငန်းခွင်အကြီးအသေးနှင့် လုပ်သက်အပေါ်မူတည်ပြီး ကွဲပြားသည်။ ရေကြည့်အမျိုးသမီးများသည် ပျှမ်းမျှအားဖြင့် နေ့စားလပေး တရုတ်ငွေ ယွမ် ၁၃၀ ခန့်ရရှိကြသည်။ ယခင်က ရေကြည့်ရန် အသက်ကြီးတရုတ်အမျိုးသမီးများကိုသုံးပြီး နောက်တွင် မြန်မာဘက်မှ ဝင်ရောက်လုပ်ကိုင်လာကြသည်။ ရေကြည့်ရသည့်အလုပ်သည် တူးထားသည့်မြေကျင်းများထဲ ထည့်ထားသော ဓာတုပျော်ရည်နှင့်ရေများကို လိုက်လံကြည့်ရှုပြီး ရေအနည်းအများအပေါ်မူတည်၍ အတိုးလျှော့လုပ်ရခြင်းဖြစ်သည်။ တူးဖော်ထားသော မြေကျင်းပြိုခြင်းနှင့် တောင်များသည် မကြာခဏပြိုကျလေ့ ရှိသောကြောင့် ရေကြည့်သည့်အလုပ်သည် အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ခြေများသည်။

"ရေကြည့်တာက အရမ်းအန္တရာယ်များတယ်။ ကျင်းပြိုရင်၊ တောင်ပြိုရင် လူရောတစ်ခါတည်းပါသွားတာ။ တောင်ကို အခေါင်းတွေဖောက်၊ ကျင်းတူးပြီး ရေတွေထည့်ဖျော်မှတော့ မြေကြီးက မကောင်းတော့ဘူးလေ။ ၁ နှစ်ကို ၄/၅ ခါလောက် ခဏခဏပြိုတယ်။ တောင်ပြိုတိုင်းလည်း လူအနည်းနဲ့အများ သေကြတာပဲ" ( ရေကြည့်အမျိုးသမီးလုပ်သားတစ်ဦး )

## အထွေထွေ

အထွေထွေသည် အောက်ခြေအလုပ်များအားလုံးလုပ်ကိုင်ရပြီး ပျှမ်းမျှအားဖြင့် တရုတ်ငွေ ယွမ် ၃၀၀၀ ကျော်ရရှိသည်။

## လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရမှုများ

တရုတ်လုပ်ငန်းရှင်များသည် အမျိုးသမီးလုပ်သားများကို လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများပြုလုပ်ပြီး ငယ်ရွယ်သောအမျိုးသမီးလုပ်သားများကို အိပ်ရာခင်းလုပ်သားအဖြစ် လုပ်ကိုင်ရန် ငွေကြေးဖြင့်ဖြားယောင်းခြင်း၊ ဖိအားပေးခြင်းများ ပြုလုပ်သည်။

"ကောင်မလေးငယ်ငယ်လေးတွေဆို အလုပ်ထဲရောက်တာနဲ့ တရုတ်တွေက တစ်ခါတည်းမေးတာ အလုပ်ကြမ်းလုပ်မလား ငါနဲ့အိပ်မလား ဆိုပြီး " ( အမျိုးသမီးလုပ်သားတစ်ဦး )

# မူးယစ်ဆေးနှင့် ကျန်းမာရေးပြဿနာများ



မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းခွင်အတွင်း မူးယစ်ဆေးသုံးစွဲမှုများပြားလာနေပြီး အမျိုးသားလုပ်သားများသာမက အမျိုးသမီးလုပ်သားများလည်း သုံးစွဲမှုရှိကြောင်း သိရသည်။ မြေဩဇာ (မိုနီယမ်ဆာလဖိတ်) ကိုင်တွယ်ရသော လုပ်သားများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အရေပြားရောဂါများ ခံစားရကြောင်း သိရသည်။ အိပ်ရာခင်းအမျိုးသမီးလုပ်သားများသည် အမျိုးသမီးရောဂါများ ခံစားရပြီး ကိုယ်ဝန်ဖျက်ချမှုများကြောင့် အသက်သေဆုံးရသူများလည်း ရှိသည်။



## ရွှေ့ပြောင်းလုပ်သားအရေအတွက် လျှင်မြန်စွာများပြားလာခြင်း

မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသောကြောင့် လူငယ်လူရွယ်နှင့် သက်လတ်ပိုင်း အမျိုးသားအမျိုးသမီးများသည် စစ်ဘေးရှောင်ရန်နှင့် စစ်ရှောင်မိသားစုစားဝတ်နေရေးအတွက် မိမိနေရပ်ကိုစွန့်ခွာပြီး မြေရှားထုတ်လုပ်ရာ ဒေသဖြစ်သော ပန်ဝါဒေသသို့ အလုပ်အကိုင်လာရောက်ရှာဖွေသူများပြားလာသည်။ ရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်လုပ်ကိုင်နေကြဖြစ်သော တရားမဝင်ရွှေတူးဖော်သည့်လုပ်ငန်းများနှင့် ကျောက်စိမ်းတူးဖော်ရာဒေသဖြစ်သော ဖားကန့်ဒေသတွင် အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံလက်နက်ကိုင်အဖွဲ့များ ပဋိပက္ခများ ဖြစ်ပွားနေခြင်း၊ စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် လာရောက်ပစ်ခတ်ခြင်းတို့ကြောင့် ထိုဒေသများတွင် အလုပ်လုပ်ကိုင်ရန် ခက်ခဲလာခြင်း၊ မြေရှားသတ္တုတူးဖော်သည့် လုပ်ခလစာသည် မြန်မာငွေကြေးဖြင့် တွက်ချက်ပါက မြင့်မားနေခြင်းများကြောင့် ရွှေ့ပြောင်းလုပ်သားများသည် ပန်ဝါရှိမြေရှားသတ္တုတူးဖော်မှုလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားလာကြသည်။ MRW ၏ တွေ့ရှိချက်အရ အချို့သော ရွှေ့ပြောင်းအလုပ်သမားများသည် ပန်ဝါရှိ မြေရှားသတ္တုတူးဖော်သည့်လုပ်ငန်းများတွင် လုပ်ကိုင်ရန် မိမိတို့နေထိုင်ရာဒေသရှိ အိမ်များကို ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် ငွေကြေးများချေးငှားကာ မျှော်လင့်ချက်များစွာဖြင့် ရောက်ရှိနေကြသော်လည်း အများစုမှာ ကားသမားများနှင့် အလုပ်ပွဲစားများ၏ ငွေကြေးလိမ်ညာခြင်းများ ခံနေရသည်။ ထိုရွှေ့ပြောင်းအလုပ်သမားများသည် ချီဖွေမြို့မှ အထွက် ပန်ဝါမြို့သို့သွားသည့်လမ်းပေါ် ရှိ အများအခေါ် လေးမိုင်ဂိတ်တွင် ( ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်နှင့် အာဏာသိမ်းစစ်တပ်ဂိတ်) တွင် ပန်ဝါသို့ ဝင်ရောက်နိုင်ရန်အတွက် (၃၀၀၀၀၀)ကျပ် မှ (၃၅၀၀၀၀) ကျပ်အထိ တရားမဝင် ပေးဆောင်နေကြရပြီး အလုပ်ရရှိရန် သေချာမှုမရှိသေးခင်ကပင် ငွေကြေးစတင်ကုန်ကျမှု ခံနေရသည်။ ရွှေ့ပြောင်းလုပ်သားအများစုသည် အလုပ်အကိုင်ရရှိရန် ငွေကြေးကြိုတင်ကုန်ကျမှုခံနေရသော်လည်း အလုပ်အကိုင်ရရှိရန် ျခက်ခဲပြီး ပန်ဝါတွင် နေထိုင်စားရိတ်နှင့် အစားအသောက်စားရိတ်ကြီးမြင့်နေမှုများကြောင့် (ပန်ဝါတွင် တရုတ်ငွေကြေးကိုသာ လက်ခံအသုံးပြုသောကြောင့် ငွေကြေးကွာဟချက်အရ ကုန်ကျစရိတ်သည် အခြားဒေသများထက် ပိုမိုမြင့်မားသည်) အခက်တွေ့နေကြရသည်။ ထို့အပြင် မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းများတွင် ယခင်ကသာမန်ရွှေ့ပြောင်းလုပ်သားများသာ ဝင်ရောက်လုပ်ကိုင်မှုရှိသော်လည်း

ယခုစစ်အာဏာသိမ်းကာလတွင် CDM ပြုလုပ်ထားသော အမျိုးသား/ အမျိုးသမီး ဝန်ထမ်းများလည်း ဝင်ရောက်လုပ်ကိုင်လာကြသည်။ နံနက်လင်းချိန်တွင် ပန်ဝါမြို့ဈေးအနီး၌ မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းများတွင် အလုပ်လာရောက်ရှာဖွေနေသော ရွှေ့ပြောင်းအလုပ်သမားလူအုပ်ကြီးကို မြင်တွေ့နိုင်သည်။ ထိုရွှေ့ပြောင်းအလုပ်သမားလူအုပ်ကြီးသည် စစ်အာဏာသိမ်းကာလ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး အကျပ်အတည်းဒုက္ခများ မည်မျှဆိုးရွားနေကြောင်း ထင်ရှားစွာ မီးမောင်းထိုးပြနေသည့် အရာတစ်ခုဖြစ်သည်။

## တွေ့ရှိချက်များနှင့်အကြံပြုချက်များ

၁။ ဓာတုပစ္စည်းများ အလွန်အကျွံအသုံးပြုပြီး စည်းကမ်းမဲ့စွာထုတ်လုပ်နေသော မြေရှားတူးဖော်မှုများကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရေအရင်းအမြစ်များ ညစ်ညမ်းလာခြင်းနှင့် ဂေဟစနစ်များပျက်စီးလာခြင်းတို့ စတင်ကြုံတွေ့နေရပြီဖြစ်သည်။ မြေရှားသတ္တုတူးဖော်မှုပြုလုပ်နေသော ပန်ဝါမြို့နယ်သည် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သော ဧရာဝတီမြစ် မြစ်ဖျားခံရာဒေသဖြစ်ပြီး ရေဝေရေလဲဒေသဖြစ်သောကြောင့် ဧရာဝတီမြစ်ရေ အရည်အသွေးသည် စိုးရိမ်ဖွယ်ရာဖြစ်သည်။

၂။ မြေယာသိမ်းယူမှု၊ နိုင်ငံခြားသားများ( တရုတ်နိုင်ငံသားများ)နှင့် ရွှေ့ပြောင်းလုပ်သားများစွာ ဝင်ရောက်လာမှုတို့ကြောင့် ဒေသခံတို့၏ လူမှုဘဝစီးပွားသည်လည်း မတည်မငြိမ်ဖြစ်လာပါသည်။ မူးယစ်ဆေးနှင့် ကျန်းမာရေးပြဿနာများလည်း ရင်ဆိုင်လာရပါသည်။

၃။ မြေရှားသတ္တုတူးဖော်များ၏ အကျိုးအမြတ်များကို လာရောက်တူးဖော်သူ တရုတ်နိုင်ငံသားလုပ်ငန်းရှင်များနှင့် အာဏာသိမ်းစစ်တပ်လက်အောက်ခံ ဒေသတွင်း လက်နက်ကိုင်အဖွဲ့အစည်းများကသာ ရရှိခံစားနေကြပြီး ဒေသခံများမှာမူ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် အခြားလူမှုဘဝဆိုးကျိုးများကို ရင်ဆိုင်ခံစားနေရသည်။

၄။ ကျဆင်းနေသော နိုင်ငံ့စီးပွားရေးကြောင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးပြီး စားဝတ်နေရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော မြန်မာနိုင်ငံသားများသည် တရားမဝင်မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းများတွင် ရရာအလုပ်များ ဝင်ရောက်လုပ်ကိုင်နေကြရပြီး ထိုလုပ်သားများသည် လုပ်ငန်းခွင်အတွင်း နှိမ်ချဆက်ဆံခံရခြင်း၊ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရခြင်းများနှင့် ရင်ဆိုင်နေရကာ အမျိုးသမီးလုပ်သားများသည် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများကို ဆိုးဆိုးဝါးဝါးရင်ဆိုင်ရသည်။

၅။ စစ်အာဏာသိမ်းကာလအတွင်း တစ်ဟုန်ထိုးမြင့်တက်လာသော တရားမဝင်မြေရှားသတ္တုတူးဖော်မှုများ၊ ထိုတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ၊ ဒေသခံများရင်ဆိုင်နေရသော လူမှုဘဝဆိုးကျိုးများနှင့် အလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများ၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရမှုများကို နိုင်ငံအနှံ့ရှိပြည်သူများ၊ NGO နှင့် INGO အဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ( NUG ) များမှ သိမြင်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများ အမြန်ဆုံးရှာဖွေသင့်ကြောင်း Myanmr Resource Watch ( MRW ) မှ အကြံပြုတိုက်တွန်းပါသည်။

## ကိုးကား

၁- August 8 2022 Global Witness Report

၂- အိပ်ရာခင်းအမျိုးသမီးများနှင့်ပတ်သက်၍ MRW မှ
"မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းခွင်အတွင်းမှ အိပ်ရာခင်း အမျိုးသမီးလုပ်သားများ"
ဆောင်းပါးရေးသားတင်ပြခဲ့ပြီး ထိုဆောင်းပါးတွင် အသေးစိတ် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။